


# ရေတက်ဦး ငါးများ

ပုံပြောတတ်လိုက်တာ အံ့ဝင်ခွင်ကျ မဖြစ်တဲ့
ငါတို့က နစ်မျောပျော်ဝင်လို့ သူတို့ရဲ့ညနေခင်းပွဲတွေမှာ
ငေးမောလို့...။ ငါ...ငေးမောနေတဲ့အခါ အံ့သြတုန်လှုပ်နေတဲ့အခါ
"သတ္တဝါ"အထူးအဆန်းတကောင်လို ငါ့ကိုကြည့်ကြ
ထဆိုထ ရီမောလှောင်ပြောင်ကြ
ကဆိုကနဲ့ ကခုန်သီဆိုပျော်မြူးကြ ရှုးမှုးအော်ဟစ်ကြ
ဘဝတွေကို သူတို့လိုသလိုထုဆစ်ခဲ့တာ..။ ဆဲဆိုငြင်းခုန်ကြ သောက်ကြ စားကြ
ထိုးကြ ကြိတ်ကြ ဟန်ဆောင်ပြုံးကြ ငိုကြ
စိုက်လိုက်မတ်တပ်လိုက်ခဲ့တယ် သူတို့က အတော်ကျင့်သားရနေတဲ့ပုံပ
ရပ်ဆိုရပ် ဘာမှမဖြစ်သလို ဖြစ်ခဲ့တာတွေလည်းသူတို့နဲ့မဆိုင်သလို
သွားဆိုသွား ဖြစ်နေတာတွေလည်းဘာမှမသိသလို
စားဆိုစားနဲ့ နားထောင်ခေါင်းငြိမ့် အဲဒီလိုပဲ နေ နေကြတာ
စိတ်ထဲ တကယ်ပါ....သူတို့ အဲဒီလိုပဲ နေ နေကြပါကလား...။
အကျိတ်အခဲမရှိ
သတ္တိရှိစွာ နာခံရှိသေမြတ်နိုး ရဲဘော်ညီထွန်းရေ
ခါးရိုးပဲကျိုးကျိုး အဲဒီမှာပဲ နေသာသလိုပဲနေပါတော့
သေမတတ်ထမ်းပိုးခဲ့ရတာ ဘာသိဘာသာနေတတ်သူတွေကြား
ငါတို့....တကယ်ပဲဝပ်တွားလို့..။ "လုပ်တတ်"သူတွေကြားမှာ ခင်ဗျားဝိညဉ်မပျော်ပိုက်ပါနဲ့
အဲဒီမှာပဲ ဆွံ့အ နေလိုက်ပါ
အဆီအစ်အစ် (ဒါပေမယ့်)ကြယ်စင်တွေလမ်းမပျောက်အောင်တော့
ပျို့မျစ်ဖုထစ်နေတဲ့မျက်နှာနဲ့ ရှင်ပြန်ထမြောက်
ဝက်တကောင်လို ဝဖြိုးနေလိုက်တာ ခရီးရောက်အောင်ဦးဆောင်ညွှန်ပြပေးပါလေ....။
ငါ....သူတို့ကိုပြန်တွေ့တော့...။

ကျနော့် မှာတော့...
မေ့တောင်နေတယ်တဲ့ မျက်စိညောင်း နားညောင်း
တကယ်ဆို.....ငါက စိတ်ထောင်းကိုယ်ကြေရင်း ဒင်းတို့ကူးခတ်နေပုံကို ငေးရင်း
သူတို့စေတဲ့နေရာ ပြုံးပဲ.. ပြုံးနေတတ်တော့တယ်
ဟိုး...အဝေးမှာရှိနေခဲ့တာ ကျနော်တကယ်ပဲ ဓါတ်ကျတယ်ဗျာ.......။
ဆံမျှင်တွေကြွေကျသည်အထိ...။

သူတို့ဖြစ်ပျက်နေခဲ့တာတွေ
ငါ....ဘာဆိုဘာမှ မသိခဲ့
ကွဲပြဲတာလည်းမသိ ရွဲ့တွဲ တာလည်းမသိ
ဘာမှလည်းမရှိ မလုပ်တတ် မကိုင်တတ်နဲ့
အဟာရပြတ် ပိန်ကပ်ကပ်မျက်ခွက်နဲ့...ငါ့ ကိုကြည့်လို့...။

သားထူး(ပေါင်းတည်)